## စာရေးသူ၏ ပန်ကြားချက်

ကျွန်တော့်အမည်ကို စာရေးသူအဖြစ် စာအုပ်မျက်နှာဖုံးပေါ်၌ ဖော်ပြထားသော်လည်း အမှန်တကယ်မှာ မြန်မာပြည်သူတို့၏ အတွေ့အကြုံများကို စုဆောင်းပြီး စာတမ်းပြုထားသူသာ ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်၊ စစ်တပ်က အာဏာသိမ်းပြီးနောက် ကျောင်းသူ ကျောင်းသားများ ထောင်နှင့်ချီပြီး ထိုင်း-မြန်မာ နယ်စပ်ဒေသများသို့ ထွက်ပြေးလာခဲ့ကြသည်။ နယ်စပ်စခန်းများသို့ ကျွန်တော်ကိုယ်တိုင်သွားပြီး အနယ်နယ်အရပ်ရပ်မှ ထွက်ပြေးရောက်ရှိလာသည့် ဒုက္ခသည်တစ်ရာကျော်ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထိုဒုက္ခသည်များသည် ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ ချောက်၊ ပုသိမ်၊ ပြည်၊ တောင်ငူ၊ ပျဉ်းမနား စသည့်မြို့များနှင့် အခြားမြန်မာပြည် အလယ်ပိုင်းရှိ မြို့များမှလည်းကောင်း၊ မွန်ပြည်နယ်ရှိ ကမာဝက်ကျေးရွာ၊ မော်လမြိုင်မြို့နှင့် မုဒုံမြို့တို့မှလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တို့မှလည်းကောင်း၊ အသီးသီး ထွက်ပြေးလာကြသူများ ဖြစ်သည်။

သူတို့၏ မှန်တိုင်းထန်သော ၁၉၈၈ ခုနှစ်က အတွေ့အကြုံများကို မှန် မမှန် ဆန်းစစ်နိုင်ရန်အတွက် ရန်ကုန်မြို့နှင့် အခြားမြို့များရှိ ပြည်သူတို့ထံသို့ မေးခွန်းနှင့် ကက်ဆက်ခွေများ ပို့ပေးပြီး မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်များကို ပြောပြစေခဲ့ပါသည်။ လူအများစုက သူတို့အပေါ် ကျလာနိုင်သည့် ဘေးအန္တရာယ်ကို လျစ်လျူရှုပြီး ကျွန်တော်မေးသည့် မေးခွန်းများကို အရဲစွန့် ဖြေဆိုခဲ့ကြသည်။ ဤနည်းဖြင့် နာရီပေါင်း ၂၀ ကျော်ကြာအောင် အသံဖမ်းယူထားသည့် တိပ်ခွေများကို စုဆောင်းမိခဲ့သည်။ တချို့က စာရှည်ကြီးများရေးပြီး သူတို့ကြုံတွေ့ခဲ့သမျှကို ဖြည့်စွက်ပေးကြပါသည်။ ရန်ကုန်မြို့နှင့် အခြားနေရာအနှံ့တွင် ဖမ်းဆီးမှုများ၊ ချက်ချင်း သေဒဏ်ပေးမှုများ ရှိနေသေးသောကြောင့် သတင်းပေးသူများကို ကာကွယ်သည့်အနေနှင့် သူတို့၏အမည်များကို ပြောင်းလဲ၍ ဖော်ပြထားပါသည်။



ကျွန်တော် ဤစာအုပ်အတွက် အချက်အလက်များ စုဆောင်းနေချိန်၌ မြန်မာပြည်မှ လူအတော်များများက သူတို့မြင်တွေ့ခဲ့သည့်အတိုင်း ရေးသားပေးရန် တိုက်တွန်းခဲ့ကြသည်။ စစ်အစိုးရ၏ သမိုင်းကို ပြန်ပြောင်းရေးမည့် အစီအစဉ်ကြောင့် သူတို့အကြံပေးချက်အတိုင်း အတတ်နိုင်ဆုံး ရေးသားခဲ့ပါသည်။ ဤစာအုပ်တွင်ပါသည့် မတိကျမှု မမှန်ကန်မှုများသည် ကျွန်တော့်အမှားများသာ ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

ဤစာအုပ်ကို ဘာသာပြန်ပေးခဲ့သော စံဝင်းမောင်နှင့် မင်းမျိုးနိုင်တို့အား လည်းကောင်း၊ စာစစ်စာရိုက်ပေးခဲ့သော မောင်အေးချမ်းနိုင်၊ မောင်ကျော်ကျော်ဦး၊ မောင်ဉာဏ်လင်းရွှေနှင့် မသီတာတို့အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးခဲ့သောသူများအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ပန်ကြားရင်း။

*ဘာတီးလ်လင့်တနာ*
*ဘန်ကောက်မြို့*
*၁၉၉၀ ခုနှစ်၊ ဇူလိုင်လ။*